dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့
***"How enabled are disabled in Burma?"***
ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ ``မြန်မာ့မသန်စွမ်းတွေ သန်စွမ်းနိုင်ကြပါရဲ့လား`` ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ပြည်သူ့ဆန္ဒမပါဘဲ စစ်အစိုးရက အတင်းအဓမ္မ အတည်ပြုခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အဖွင့် အခန်း ၁၊ နိုင်ငံတော်အခြေခံမူအများ ပုဒ်မ ၃၂ တွင် မသန်စွမ်းများကို မသန်မစွမ်းများဟု ဂုဏ်ဖျက်ရေးသားထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းဦးရေ ၁ ဒသမ ၃ သန်းရှိရာ လက်ရှိနိုင်ငံ့လူဦးရေ၏ နှစ်ရာခိုင်နှုန်းကျော် ဖြစ်ပါသည်၊ သို့သော် ပညာသင်ကြားခွင့်မှသည် နိုင်ငံ့အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အခန်းကဏ္ဍများအထိ မသန်စွမ်းတို့မှာ ပါဝင်နိုင်ခြင်း မရှိပါ။ နေပြည်တော်တွင် ငွေကျပ် ဘီလီယံ ပေါင်းများစွာ အသုံးပြု တည်ဆောက်ထားသည့် အရပ်ရပ်သော လွှတ်တော်များတွင် မသန်စွမ်းတို့ ဝင်ထွက် သွားလာ အသုံးပြုနိုင်ရန် ဖန်တီး လုပ်ဆောင်ထားခြင်း မရှိပါ။

သာမန်သူများထက် များစွာ ထူးချွန်သာလွန်မှသာ သို့တည်းမဟုတ် မိသားစုအသိုင်းအဝိုင်းက ထောက်ပံ့ ချီးမြှောက်လွန်းမှသာ ပညာသင်ကြားခွင့်နှင့် အခြားအခွင့်အရေးတချို့ ရရှိကြသည်။

မွေးရာပါမသန်စွမ်းဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့် မသန်စွမ်းဖြစ်စေ ဗုဒ္ဓဘာသာဝင် အများစု နေထိုင်ကြသည့် မြန်မာတို့က ကံတရားကို ပုံချလိုက်ကြသည်။ မြန်မာ့ယဉ်ကျေးမှုကလည်း အားပေး ထောက်ပံ့မှုထက် ဖေးမ စာနာမှုကိုသာ ပြုကြသည်။ မသန်စွမ်းများ အလိုရှိသည်က သန်စွမ်းသူများ နည်းတူ ပညာသင်လိုကြသည်၊ အလုပ်လုပ်လိုကြသည်၊ ထူးချွန်သူများက မြန်မာသာမက ကမ္ဘာ့ အဆင့်အထိ တက်လှမ်းလိုကြသည်။

သို့သော် မြန်မာနိုင်ငံတွင် သာမန်သူတို့ပင် နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအခက်အခဲ၊ လူမှုရေး မရေရာမှုများဖြင့် ဖြတ်သန်း ရှင်သန်နေကြရသည်ဖြစ်ရာ မသန်စွမ်းတို့အတွက်ကို ပညာသင်ယူရေး၊ ခရီးသွားလာရေး၊ အလုပ်အကိုင် ရရှိရေး၊ လူသာမန်တို့ကဲ့သို့ ဈေးဝယ်ခြင်း၊ အပန်းဖြေခြင်း၊ နိုင်ငံ တည်ဆောက်ရေး လုပ်ဆောင်ခြင်းများတွင် ပါဝင်ရန် အစိုးရကရော လူမှုအသိုင်းအဝိုင်းကပါ များစွာ အခွင့်အရေး ပေးမထားသေးပါ။

ထို့ကြောင့် မသန်စွမ်းများကိုယ်တိုင် အသင်းအဖွဲ့များ တည်ထောင်ဖွဲ့စည်းပြီး ၎င်းတို့အရေးကို ၎င်းတို့ ဘာသာ ဆောင်ရွက်လာကြသည်။ လိုအပ်သောဥပဒေနှင့် နည်းဥပဒေ ထွက်ရှိရေးကို တွန်းထိုး လုပ်ဆောင်နေကြသည်။ မသန်စွမ်းဥပဒေမှာ လာမည့်နှစ် ၂၀၁၅ အတွင်း ထွက်လာဖွယ် ရှိပါသည်။ အနုပညာ၊ အားကစားနှင့် ဘဝရည်မှန်းချက် ရှိသည့်အတိုင်း မသန်စွမ်းများအတွက် သန်စွမ်းသည့် မြန်မာ့လူ့ဘောင်ဖြစ်လာစေရန် မည်သည်ကို ပြင်ပြီး၊ မည်သည်ကို ပေါင်းထည့်ကြမည်နည်းကို ဆွေးနွေး အဖြေရှာကြည့်နိုင်ပါရန် ဒီဘိတ်ကို တင်ဆက်လိုက်ရပါသည်။

ငြိမ်းချမ်းရေး၊ ယဉ်ကျေးမှု၊ လက်ခံထားသော တန်ဖိုးများ၊ ဥပဒေနှင့် လိုအပ်ချက်များ ရှိနေဆဲဖြစ်သော မြန်မာ့လူ့ဘောင်တွင်းမှ မသန်စွမ်းတို့အရေး DVB Debate မှာ ဆွေးနွေးအဖြေရှာ ကြည့်နိုင်ပါသည်။

## သူတို့အမြင်

``မြေမြုပ်မိုင်းထိလို့ မသန်စွမ်းသူများ ဆိုတာဟာ ကျွန်မတို့နိုင်ငံရဲ့တကယ့် မသန်စွမ်းချက် တစ်ခုကို ဖော်ပြနေတယ်။ အဲဒါဟာ အချင်းချင်း ငြိမ်းချမ်းရေး လိုနေတဲ့ ကိစ္စပါ။ ``
**ဒေါ်အောင်ဆန်းစုကြည်** - မြန်မာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှု လူထုခေါင်းဆောင်။

``သူများတွေမှာရှိတဲ့ အရည်အချင်းတွေ မသန်စွမ်းတွေမှာလည်း ရှိပါတယ်။ ဒီအရည်အချင်း ကို ဖော်ထုတ်ပေးမယ့်သူ၊ လက်ကမ်းကြိုဆိုပေးမယ့်သူ မရှိလို့ တိမ်မြုပ်နေရတာပါ``
**ဒေါ်ငယ်ငယ်အေးမောင်** - ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မသန်စွမ်းအမျိုးသမီးအသင်း။

``အစိုးရဆီက ဘာအကူအညီမှ မရဘူး။ ကြက်ခြေနီအဖွဲ့က ပေးတဲ့ ခြေတုပဲ ရတယ်။ မျှော်လင့်တာတော့ အများကြီး မမျှော်လင့်ဘူး``
**ကိုမြင့်လွင်** - မသန်စွမ်း။

``ကျွန်မတို့ နားမကြား၊ စကားမပြောတတ်သူတွေ... သာမန်ကျောင်းတွေမှာ နားကြားတဲ့ သူတွေနဲ့အတူ ပညာသင်ကြားရာမှာ သင်ခန်းစာကို နားမလည်ဘူး``
**မချစ်ဖူးငုံ** - မသန်စွမ်း။

``လူဦးရေ တစ်သန်းလောက် ရှိတယ်ဆိုရင် အဲဒီပေါ်မှာ အချိုးကျအလိုက် ပါဝင်သင့်တယ်လို့ ထင်တယ်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲဒီလို မပြောထားဘူး။ ဒါကြောင့်မို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေကို ပြန်ပြင်ရမှာပေါ့။ ``
**ဒေါက်တာညိုညိုသင်း** - ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်။

***Information links:***

http://www.thevoicemyanmar.com

http://www.popularmyanmar.com

htt://www.myanmarili.org

htt://www.facebook.com/myanmarili

htt://www.soundcloud.com/miliradio

htt://www.youtube.com/miliwebtv